ရွှေဝကား
စာပေ

# မြသန္တာ

# ဒဏ်ရာများနှင့် ပိုးစုန်းကြူး



## ခေါမကျောက်အိုးဖွဲ့ တမ်းချင်း

တကယ့်နားနဲ့ ကြားရတဲ့ တေးသံက ချိုတယ်၊ ဒါပေမဲ့ မကြားရတဲ့ တေးသံက ပိုလို့ ချိုတယ်။

မကြားရတဲ့ တေးဆိုတာ တကယ့်နားနဲ့ ကြားရတာမဟုတ်ဘဲ စိတ်ကူးနားနဲ့ ထောင်ကြည့်ရ တဲ့ တေး၊ စိတ်နားနဲ့ ထောင်ရတဲ့ တေးကိုပြောတာ ...

သောတအာရုံကို ဖမ်းယူတဲ့ အခါ သာမန်နားအတွက် မဟုတ်၊ အဲဒီနားထက် ပိုမြတ်နိုးအပ်၊ တန်ဖိုးထားအပ်တဲ့ စိတ်ဝိညာဉ်အတွက် အသံမဲ့တေးများကို မှုတ်ကြပါတဲ့ ...

လုလင်တစ်ယောက်က သစ်ပင်အောက်မှာ တေးဆိုနေတယ်၊ အရုပ်ဖြစ်လေတော့ အမြဲထာဝရ ဒီအတိုင်း သီချင်းဆိုတဲ့ ပုံစံအတိုင်းပဲ ရှိရတော့မှာ ပေါ့။

ဒီတေးကို မင်းစွန့်ပစ်သွားနိုင်မယ် မဟုတ်ဘူး ၊ ဒါဟာ အသေအချာပဲ ...

သစ်ပင်တွေလည်း ဘယ်တော့မှ အရွက်မဲ့ကြမယ် မဟုတ်ဘူး တဲ့ အရုပ်ပေပဲကိုး ...

အဲဒီလို ငါ့ရင်ထဲမှာ အရုပ်လေး ထာဝရ ရှိပါတော့လား။

လုံမလေးကို လိုက်ဖမ်းနေတဲ့ လုလင်ရယ် ...

မင်းလည်း မင်းချစ်သူနား ရောက်နေရပေမယ့် ဘယ်တော့မှ နမ်းခွင့်ရလိမ့်မယ် မထင်ဘူး၊ အရုပ်ဆိုတော့ ပန်းချီဆရာဆွဲထားတဲ့ အတိုင်း ဒီလိုပဲ အမြဲနေရမှာ မဟုတ်လား။ ဒါပေမဲ့ မဆွေးပါနဲ့ ...

မင်းမနမ်းရပေမယ့် သူဟာ ပျောက်ပြယ်သွားမယ် မဟုတ်ဘူး ၊ မင်းလည်း သူ့ကို အမြဲပဲ ချစ်နေရမယ်၊ သူကလည်း အမြဲလှနေမှာ ပါတဲ့ ...

**(ဂျွန်ကိစ်)**

ဒါဆို ... တို့ သုံးယောက်ဟာ ခေါမကျောက်အိုးပေါ်က အရုပ်တွေများ လား ...

***

## အခန်း (၁)

"ဦးချမ်းမြေ့မောင်ဟာ မနှင်းခက်မွန်နဲ့ ဘာတော်သလဲ၊ အစ်ကိုလား ခင်ပွန်းလား"

"ရှင် ..."

ရုတ်တရက် ဆရာဝန်ကြီး၏ အမေးကို တအံ့တဩနှင့် ငေးကြည့်ပြီး ဘာဖြေရမှန်း မသိ အောင်ပင် ဖြစ်သွားလေပြီ ...

ဘာတော်လဲတဲ့ ...

ဟုတ်ပါရဲ့ တော်စပ်မှု ဒီတော်စပ်မှုကို သူမ သတိမေ့နေခဲ့သည် မှာ ကိုးရက်လုံးလုံးပင် ...

သွေးသံရဲရဲနှင့်သူသည် မိမိအား ကာကွယ်ခဲ့သည် မို့ သူမရှိလျှင် မဖြစ်ဟူ၍ သာ စိတ်ထဲမှာ စွဲမြဲထားပြီး သူ့ကို မရရအောင်ကယ်ရမည်၊ သူအသက်ရှင်နေနိုင်ရန်မှာ အဓိကနှင့် လောကမှာ အရေး ကြီးဆုံး ဖြစ်နေသည် မို့ သူ့အနားမှ တစ်ဖဝါးမှ မခွာဘဲ ပြုစု၍ မျှော်လင့်ကြီးစွာ စောင့်စားခဲ့သည် မှာ ကိုးရက်လုံးလုံးပင်။

သူမခေါင်းထဲမှာ သူအသက်ရှင်ရေးကိုသာ စဉ်းစားတွေးတောနေခဲ့၍ သူမအကြောင်းနှင့် သူတို့ နှစ်ဦးတော်စပ်ရပုံအကြောင်းကိုပင် မေ့နေခဲ့သည် ။

"ကျွန်မ ... ကျွန်မ ခေါင်းတွေ သိပ်ပူနေတယ်၊ ကျွန်မ ဘာဖြစ်သလဲ စဉ်းစားပါရစေဦး"

ဆရာဝန်ကြီးက သူမအား သက်တောင့်သက်သာ အနားယူနိုင်ရန်အတွက် ခုတင်ပေါ်မှာ လှဲအိပ်စေပြီး သူမ၏ ဦးခေါင်းနှင့် သွေးပေါင်ချိန် အတက်အကျကို စစ်ဆေးလိုက်၏။

"မင်းရဲ့ ခေါင်းလေး နည်းနည်းပေါက်သွားရုံပါပဲ မိန်းကလေး၊ မင်းက ဒီလူနာကို တစ်ချိန်လုံး ပွေ့ထားခဲ့တယ်၊ ဒီလူနားနားကနေ တစ်ဖဝါးမှ မခွာဘဲ အမြဲပြုစုနေခဲ့တယ်၊ ဒီလူနာအတွက် မျက်ရည်ကျပြီး ဆုတောင်းပေးနေခဲ့တယ်၊ ပြီးတော့ လိုအပ်တဲ့ ငွေကြေးကို မင်းထုတ်ပေးနေခဲ့တယ်"

နှင်းခက်မွန် ခေါင်းညိတ်ကာ ထောက်ခံလိုက်ပြီး ချမ်းမြေ့မောင်အကြောင်းနှင့် သူ့အကြောင်း ကို စဉ်းစားနေစဉ် ခေါင်းများ ဆူဝေလာ၏။

"ဟုတ်တယ် ... ကျွန်မစိတ်ထဲမှာ သူဟာ ကျွန်မနဲ့ သိပ်ရင်းနှီးတဲ့ လူသူ မရှိရင် မဖြစ်ဘူးလို့ ပဲ စိတ်ထဲမှာ ထင်နေတယ်၊ ကျွန်မခေါင်းတွေ သိ

ပ်ကိုက်နေတယ်၊ ကျွန်မဖြည်းဖြည်း စဉ်းစားကြည့် မယ်နော်"

"ကောင်းပြီ ... မင်းက ခေါင်းမှာ ဒဏ်ရာရထားတာရယ်၊ လူနာအတွက် ပူပင်သောက ရောက်ရလွန်းလို့ စိတ်ပင်ပန်းတာရယ်၊ လူနာကို နေ့နေ့ညည ပြုစုနေတာရယ်ကြောင့် မင်း ဒီတစ်နေ့ တော့ အနားယူပြီး သေသေချာချာ စဉ်းစားလိုက်ပါဦး၊ လူနာအတွက် အရေးကြီးနေလို့ ပါကွယ်"

"ဟုတ်ကဲ့"

နှင်းခက်မွန်အား ဆရာဝန်ကြီးက ညင်သာစွာပြောပြီး ထွက်ခွာသွားစဉ် သူနာပြုဆရာမလေး က သူမအား အိပ်ဆေးတစ်လုံး ထိုးပေးလိုက်သဖြင့် ခုတင်ပေါ်မှာ သက်တောင့်သက်သာလေး အိပ် ပျော်ပြီး အားဖြည့်ရန် စိတ်ကိုလျှော့ချလိုက်သည် ။

မိမိအနားယူ အိပ်စက်ပြီး အားအင်ဖြည့်မှ ဖြစ်တော့မည်။ မိမိ သူ့အတွက် ကျန်းမာမှ ဖြစ်တော့မည်။

"ကျွန်မ ... ဒီဆေးရုံကို ဘယ်လိုရောက်လာလဲဟင်"

အစဉ်အမြဲ အနီးကပ်နေနေရသော သူနာပြုဆရာမလေး နော်စေးဗားကို မေးလိုက်၏။

"ရွှေညောင်ဘူတာကနေ ကားနဲ့ လာကြတာလေ၊ ရပ်စောက်ဘက်ကို ဟိုင်းလတ်ကားနဲ့ သွားတာ ကုန်တွေအများကြီးပဲ၊ ညီမတို့ နှစ်ယောက်က ကားရှေ့ခန်းမှာ ထိုင်လိုက်လာကြတယ်၊ နောက်မှာ ခရီးသည် ငါးဦးပါလာတယ်လေ၊ ခက်တာပဲကွယ်၊ ဒီအရပ်ဒေသက လူကိုးယောက်မစီး ကောင်းဘူး၊ ညီမတို့ နှစ်ယောက်ရယ် ဒရိုင်ဘာနဲ့ စပယ်ယာ အပါအဝင် လူကိုးယောက် စီးလာကြ တယ်လေ"

နှင်းခက်မွန် မျက်လုံးမှိတ်ကာ စဉ်းစားလိုက်သည် ။ သူတို့ နှစ်ဦး ရွှေညောင်ဘူတာရောက် တော့ သူနေသော စိန်ပန်းမြိုင်သို့သွားရန် ကား စုံစမ်းကြသည် ။

"ကိုယ်အိမ်ကို အကြောင်းမကြားထားလို့ လာမကြိုကြပါဘူး၊ ကိစ္စ တော့မရှိဘူး ကားပေါပါ တယ်၊ ကိုယ့်အိမ်ကနေပြီး နှင်းရဲ့ သူငယ်ချင်း ကို စုံစမ်းတာပေ့ါ၊ အခုညဘက်ကြီး လမ်းနာမည်နဲ့ အိမ် နံပါတ် မသိ တော့ စုံစမ်းရခက်နေတာပေ့ါ"ဟု ချမ်းမြေ့မောင်ကပြောပြီး စိန်ပန်းမြိုင် ဘက်သို့သွား ရန် ကားစုံစမ်းသောအခါ ရပ်စောက်သို့သွားမည့် ကြက်သွ န်နီတင်သည့် ကုန်သည် ကားတစ်စီးကိုသာ တွေ့ရသည် ။

"ရပ်စောက်က ငါးရက်ဈေးအမီ ကုန်ချမှာ မို့ ကြုံတယ်၊ လိုက်သွားကြတာပေ့ါ"

သူတို့ နှစ်ဦး ဟိုင်းလတ်ကားရှေ့မှာ ထိုင်ပြီး လိုက်ပါခဲ့သည် ။ သူမ အေးမှာ စိုး၍ မှန်အလုံပိတ် လာ၏။

နှင်းခက်မွန်သိတာက တောင်အဆင်းအတက် အကွေ့အကောက်ကြောင့် ခေါင်းအနည်းငယ် မူးလာသဖြင့် မှန်ပြတင်း ကို အနည်းငယ်ချပြီး သူ့ရင်ခွင်မှာ မှိန်းလိုက်လာခဲ့သည် ဟု ဝိုးတဝါး သိ လိုက်ရ၏။ သူက သူမရင်ခွင်ထဲသို့ သူ့အိတ်ထည့်ကာ သူမကို သူ့ရင် ခွင်ထဲမှာ ထွေးပွေ့၍ ဖေးမလာ ခဲ့သည် ။

မေ့ခနဲအိပ်ပျော်သွားစဉ် ဘရိတ်အုပ်သံကျယ်ကြီးနှင့် ဟွန်းသံရှည်ကြီးကြောင့် လန့်သွားပြီး မျက်လုံးဖွင့်အကြည့် ကားက ဆောင့်၍ လိမ့်အဆင်း ...

"နှင်း"

သန်မာသောလက်များက သူမအား တင်းကျပ်စွာ ပွေ့ဖက်ထားခြင်း ခံရပြီး ကားပေါ်မှ လွင့်ကျလာစဉ် သူက သူမကျောပြင်အောက်မှ နေပြီး အကျသက်သာအောင် ခံထားပေးသည် ။

ထိုစဉ် ... ကားက သူတို့ နှစ်ဦးပေါ် လိမ့်ကျလာသဖြင့် သူမအားတွန်းဖယ်လိုက်၍ လွင့်စင်ပြီး ခဏမျှ မှောင်သွား၏။

နားထဲတွင် အော်သံ ညည်းညူသံများကြားရ၍ မျက်လုံးဖွင့်ကြည့်ရာ မိမိနံဘေးတွင် သွေးသံ ရဲရဲနှင့် ချမ်းမြေ့မောင် ...

"နှင်း ... နှင်း ဘာမှ မဖြစ်ဘူးနော်"

"မဖြစ်ဘူး ... မဖြစ်ပါဘူး ကို ... ကိုကြီးရော ဟင် ... ကိုကြီး"

ကားအောက်မှ ကိုယ်တစ်ပိုင်းပိနေတာကိုမြင်၍ အလန့်တကြား အော်မိလိုက်သည် ။

"အမလေး ... ကိုကြီးကို ကားပိနေပါလား၊ လုပ်ပါဦး"

သွေးသံရဲရဲနှင့် သူက ဘာဖြစ်သေးလဲမေးသေးသည် ။ သူမက ကား အောက်မှ သူ့ကို မကူညီ နိုင်ခဲ့ဘဲ သူ့ခေါင်းကို ပွေ့ကာ အော်ငိုခဲ့၏။

ကားပေါ်မှ ကြက်သွန်အိတ်များ ခရီးသည် များ ၏ အော်ဟစ် ညည်း ညူသံက အဝီစိပွက်သံ ပမာလား ...

မီးမောင်းထိုးကာ ကယ်သူများကြားမှ ...

"ကိုကြီးကို ကယ်ပေးပါ၊ ကိုကြီးကို ဆွဲထုတ်ပေးပါ၊ ကိုကြီး ကားပိ နေပြီ"ဟု သာ အော်ဟစ် ငိုယိုလျက် ရှိသည် ။

သူ့ အသိစိတ်၏ တစ်ခုတည်းသောအာရုံမှာ အစ်ကိုကြီး အသက်ရှင် ရေးပင် ဖြစ်၏။

သို့ရာတွင် မျက်လွှာပိတ်၍ အိပ်မောကျသွားသောအခါတွင် ဖြူဖွေးသော အလင်းရောင် အောက်၌ သူမတစ်ဦးတည်း လွတ်လပ်ပေါ့ပါးစွာဖြင့် ရွှေလက်တွဲကာ လျှောက်လှမ်းနေသော ခရီး တစ်ခုတွင် လူတစ်ဦးနှင့် အတူ ...

ထိုသူမှာ ချမ်းမြေ့မောင် မဟုတ်ပေ။

သူမ နှလုံးသားထဲက လူမှာ ချမ်းမြေ့မောင် မဟုတ်ဘဲ အသားဖြူဖြူနှင့် သန့်ရှင်းသပ်ရပ်စွာ အပြုံးမြမြနှင့် ရီဝေစွာ ကြည့်နေသော ချစ်သူ ဘုန်းနောင် ...။

***

နုသွယ်သော လက်ချောင်းလေးများ ဖြင့် ချစ်သူဘုန်းနောင်၏ လက်ကို အားကိုးအားထား ဆုပ်ကိုင်ထားသော်လည်း ရင်ထဲမှာ စိုးရိမ်စိတ်ကလေးဖြင့် ဝမ်းနည်းအားငယ်နေမိသည် ။

"ကိုကိုတော့ စေလိုရာစေလျှောက်လိုက်ပြီ နှင်း၊ ခန့်စာကျရင်တော့ နှင်းကို လက်ထပ်ပြီး တစ်ခါထဲခေါ်သွားမယ်"

ချစ်သူဘုန်းနောင်စကားကြောင့် ရတ်တရက် အံ့အားသင့်သွား၏။

"ပထမဦးစားပေးကတော့ ရှမ်းပြည်နယ်ကိုပဲပေါ့"

"ဟင် ... ဟုတ်လား အဲဒီဘက်ကိုသွားရရင် ပျော်စရာကြီးပဲနော်၊ နှင်းတစ်ခါမှ မရောက်ဖူး လို့ ရောက်ဖူးချင်လိုက်တာ၊ ရှမ်းပြည်နယ်ကိုပဲ ရပါစေလို့ နှင်းဆုတောင်းရမှာ ပဲ ကိုကိုရယ်"

"ကိုကိုလည်း သွားချင်တယ်၊ ငယ်ငယ်က ရောက်ဖူးလို့ ထပ်ရောက်ချင်နေတာ"

အားငယ်စိတ်လေးတို့ လွင့်စင်ပြီး ချစ်သူ၏ လက်ထပ်မည့်စကားကြောင့် ကြည်နူးမှုလေး ဖြင့် ချစ်သူလက်မောင်းကို တွဲခိုရင်း ပါးနှင့်လက်မောင်းကိုအပ်လျက်က ...

"နှင်းက ကျောင်းမပြီးသေးတာ"

"အဝေးသင်ပြောင်းလို့ ရတာပဲနှင်းရယ်၊ ကိုကိုနှင်းကို ခွဲမထားချင်ဘူး"

"ကိုကို့ မေမေကရော သွားခွင့်ပြုပါ့မလား"

"ခွင့်ပြုပါတယ် အားတောင်ပေးသေးတယ်၊ မေမေ့မှာ ငွေမလိုဘူး သား ဆရာဝန်ဖြစ်ပြီး သူများ မသွားချင်တဲ့ ဒေသတွေမှာ တာဝန်ယူမယ့်သားတစ်ယောက်အဖြစ်မျိုးပဲ မေမေက လိုချင်တာ ပါတဲ့ "

ထိုအခါ နှင်းခက်မွန်၏ ရင်ထဲ သိမ့်ကနဲ လှုိက်ဖိုသွားကာ ချစ်သူအား မဝံ့မရဲမော်ကြည့်ရင်း ...

"နှင်းနဲ့ ချစ်နေကြတာ သိသွားပြီလားဟင်"

နှင်းခက်စကားကြောင့် ဘုန်းနောင် သက်ပြင်းရှည်ကြီးချကာ ခေါင်းကို လေးတွဲစွာ ခါယမ်း လိုက်ရင်း ...

"မလိုအပ်သေးလို့ မပြောသေးတာပါ နှင်းရယ်၊ သားသမီးတွေရဲ့ အချစ်ရေးကို လွတ်လပ် ခွင့်ပေးထားတယ်၊ ကိုယ့်ဘာသာ ကိုယ့်ဦးနှောက်နဲ့ နှလုံးသားပေါင်းစပ် ဝေဖန်ပြီးမှ ရွေးချယ်ကြလို့ ပြောထားတာပဲ"

ထိုစကားကြောင့် နှင်းခက်မွန် အားငယ်သွားပြီး ချစ်သူကို ဖက်တွယ်

ထားလျက်ရှိသော လက် ကလေး ပြေလျော့သွားကာ ...

"နှင်းနဲ့ ကိုကိုနဲ့ က သိပ်ကွာခြားနေတာမို့ ကိုကို့မေမေသဘောမတူမှာ ကို စိုးတယ်"

"ဘာကွာခြားတာလဲ နှင်းရယ် ... ကိုကိုပြောထားပြီးပြီပဲ၊ မေမေက အားလုံးလွတ်လပ်ခွင့် ပေးထားပါတယ်လို့ လေ၊ ဘာမှ မစိုးရိမ်နဲ့ ကိုကိုနှင်းကို သိပ်ချစ်တယ်၊ ရင်ထဲမှာ ပြည့်သိပ်နေအောင်ကို ချစ်တယ်"

"တကယ်လား ... ကိုကိုရယ်"

ဘုန်းနောင်က ပြောရင်းကပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အင်းလျားကန်ပတ်ဝန်း ကျင်ကို ဝေ့ဝဲကြည့်ပြီး ချစ်သူကို တင်းတင်းလေးဖက်ကာ အကြင်နာလေးပေး၍ ...

"ကဲ ... တကယ်ဟုတ် မဟုတ် သိပြီလား"

"အာ ... ကိုကိုရယ်"

ဘုန်းနောင်ကိုချစ်ရသည် မှာ ရင်မှာ အပြည့်အသိပ်နှင့် ပြည့်ဂသလိုလို လွတ်ဟာပြီး တစ်ခုခု လိုနေသလိုပင် ...

နွေးထွေးတစ်လှည့် စိုးရိမ်တစ်လှည့်နှင့်ပင် ...

"ဝဋ္ဋလိုက်မှာ စိုးပေမယ့် သတိတော့ပေးရဦးမယ်၊ အချိန်စေ့ပြီလို့ "

ချစ်သူနှစ်ဦး ခုံတန်းလျားမှာ ထိုင်ရင်း တစ်ယောက်နှင့်တစ်ယောက် မှီတွဲလျက် ငြိမ်သက်နေ စဉ် ရယ်မောသံလေးများက ပြေးဝင် လာပြီး သူတို့ နှစ်ဦးက အလန့်တကြား ကိုယ်ချင်းခွာလိုက်သည် ။

ဘုန်းနောင်ညီမ သီတာဘုန်းဝေနှင့် သူငယ်ချင်း နန်းအေးသွယ် ...

နှင်းခက်မွန် သီတာဘုန်းဝေနှင့် နန်းအေးသွယ်တို့ မှာ ဒုတိယနှစ်ရူပ

ဗေဒကျောင်းသူများ ဖြစ် ပြီး အချစ်ဆုံးသူငယ်ချင်းများ ပင် ဖြစ်ကြ၏။

"အခုတလော မေမေက သိပ်နေမကောင်းလို့ ဆေးခန်းကို ပို့ပေးရဦးမယ်လေ"

"အော် ... ဟုတ်သားပဲ"

"ချစ်သူကိုတွေ့ရင် လောကကိုပါ မေ့တယ်နော်၊ ကိုကိုတို့ ကတော့ တကယ်ပါပဲ"

သီတာက ခနဲ့ စကားဆိုလိုက်သဖြင့် နှင်းခက်မွန်က ယဲ့ယဲ့လေးပြုံးလိုက်သည် ။

"စောစောကပြောရင် သတိပေးမှာ ပေါ့"

"ရပါတယ်ယောက်မရယ် ... ကျွန်မကလည်း ဝင်မေ့လိုက်မှာ စိုးလို့ ပါ၊ ဒါပေမဲ့ နေ့တိုင်းတွေ့ နေကြတာတောင် မခွဲနိုင်ဖြစ်နေတာတော့ နည်းနည်းလွန်လွန်းတယ်လို့ ထင်တယ်နော် နန်း"

"ဟုတ်တယ်နော် ... မနက် ည သီတာ့ကို အပို့အကြိုလုပ်ပြီး တွေ့ရတာတောင် မခွဲနိုင်ဖြစ် နေကြတာပဲနော်"

သီတာနှင့်နန်းအေးသွယ်တို့ စနောက်ချင်စရာပင်၊ သူတို့ နှစ်ဦးမှာ တစ်စက္ကန့်လေးမျှပင် ခွဲမနေချင်ဘဲ လွမ်းလျက်ရှိနေသည် မှာ ချစ်သူသက်တမ်း တစ်နှစ်တာလုံးလုံးပင် ဖြစ်သည် ။

***

နှင်းခက် အိမ်ပြန်ရောက်သည် နှင့် နေ့ခင်းကအပျော်များ

လွင့်စင်သွားတော့သည် ။ ဒေါ်လေး တင့် ဈေးမှ ပြန်မလာသေး၊ တူငယ် နှစ်ကောင်က လမ်းမှာ စွန်လွှတ်၍ ကောင်းဆဲ။

ချက်ပြုတ်ရေးအတွက် နှင်းခက်ပြင်ဆင်ရ၏။ မျောက်လောင်းနှစ်ကောင်ဟု အားလုံးက သဘောတူညီစွာ နာမည်ပေးထားသော တူ အတူးနှင့်အတွက်တို့ စိတ်ထင်တိုင်းကြဲထားသော ဝါးနှီး စများ ၊ စက္ကူညှပ်စများကို လှည်းကျင်းရသည် ။

မီးခိုချောင်ကိစ္စမှာ နှင်းခက်အတွက် မဆန်းပါ၊ မေမေနှင့်အတူနေခဲ့ရစဉ်ကပင် ဝါသနာအရ ဝင်ရောက်လုပ်ကိုင်ခဲ့သည် မို့ အရာရာမှာ သွက်သွက်လက်လက်နှင့် လှုပ်ရှားနိုင်သည် ။

ချက်ပြုတ်ပြီးသည် နှင့် ရေချိုးကာ သနပ်ခါးလူးသည် ၊ သနပ်ခါးလူးကာ သနပ်ခါးနံ့ကြိုက် တတ်သော ကိုကို့အတွက်ပါပဲဟု တိုးဖွဖွညည်းရင်း ကိုကို့ကိုသတိရကာ ရင်ဖိုသွားရပြန်သည် ။

"နှင်းက ဘာဝတ်ဝတ်လှတာပဲကွာ"ဟု နန်း၏ အားကျစကားကို သတိရသည် ။ မိမိကိုယ်ကို မှန်ထဲကြည့်မိသည် ။

"နှင်းခက်က အရမ်းချောတော့ တစ်ခါတစ်ခါ စိတ်မချစိတ်တောင်ဖြစ်တယ်"ဟု အတည်လို၊ စသလို ကိုကို ပြောဖူးသည် ကိုလည်း သတိရသည် ။ "နှင်းစိတ်ထားကို ကိုကို အထင်သေးတယ်ပေါ့" ဟု ခပ်ဆတ်ဆတ်ပြန်ပြောတော့ ကိုကို ဟန်မဆောင်နိုင်လောက်အောင် ပျာယာခတ်သွားကာ စိုးရိမ် တကြီး ချော့ရှာသည် ။ နှင်းခက်ကလည်း အရှိန်နှင့် စိတ်ကောက်ပြပစ်လိုက်ရာ ထိုနေ့က ကိုကို တစ်နေကုန် ပျာယာခတ်သွားခဲ့ပုံအား ပြန်သတိရသည် ။ ပြန်ကာနီး နှင်းခက်အပြုံးကိုမြင်မှ ကိုကို သက်ပြင်းချကာ စိတ်သက်သာရာရသွားပုံကိုလည်း ပြန်လည်မြင်ယောင် ရင်ခုန်ပျော်ရသည် ။

ဖြူဖွေးနုညက်သော အသားအရည် ကျစ်လစ်သွယ်သော ကိုယ်ခန္ဓာမှာ အချိုးအဆစ်လှလှနှင့် မှန်ထဲမှ မိမိကိုယ်ကို မိမိ ပြန်နှစ်သက်ကြည်နူးမိသည်။

နှင်းခက်သည် ဒုတိယနှစ် ရူပဗေဒအဓိကကျောင်းသူတို့ တွင် ဝတ်စားဆင်ယင်မှုထိပ်က ရပ်မနေသော်လည်း ခေတ်နောက်မကျသော ဝတ်စားဆင်ယင်မှုနှင့် ကျက်သရေရှိရှိအလှဖြင့် နာမည် ကြီးခဲ့သည်။

သနပ်ခါးအပြီးသတ်လူးလိုက်စဉ် လည်တိုင်မှ သွေးကြောစိမ်းမြမြတို့ အပေါ် သနပ်ခါးပါးပါး ပွတ်သည်၊ ယပ်တောင်ကို စားပွဲပေါ်မှ ဆွဲယူကာ လေယပ်လိုက်သည်။

ထိုစဉ် အိမ်ရှေ့မှ ခြေသံကြားရ၍ ယပ်တောင်ကို နှင်းခက် ဖျတ်ကနဲချကာ မသက်မသာ နေရာမှ ထသည်။ သိသည်။

ထုံးစံအတိုင်း ဦးလေးအောင်ရီ ရီတီတီနှင့် အိမ်ပေါ်တက်လာသည်၊ ခပ်လှမ်းလှမ်းမှ ပင် ဦးလေးအောင်ရီထံမှ အရက်နံ့တို့ စူးစူးရဲရဲ ရောက်လာသည်။

"မတင့် ... ရောက်ပြီလား"

လျှာလေး အားလေးဖြင့်မေးရင်း ဦးလေးအောင်ရီ အနားတိုးလာ၏။

"ပြန်မလာသေးဘူး လေးလေး"

"အတင့်ကခက်ပြီ ... အိမ်ကပ်ဖို့ မစဉ်းစားတော့ဘူး ထင်ပါရဲ့၊ ကဲ ... ခက်ခက် ထမင်းခူး ကွာ"

ဟန်ချက်ထိန်းရင်း ကုလားထိုင်မှာ ထိုင်ချကာ လေးလေးပင်ပင် ဆိုသည်။

"ရေမချိုးတော့ဘူးလား လေးလေး"

"မချိုးတော့ပါဘူးကွာ၊ စားပြီး အိပ်တော့မယ်"

စားပွဲချလိုက်သည် နှင့် စားပွဲဘေး ဦးလေးအောင်ရီ ဝင်ထိုင်ကာ ရီဝေခိုးလျှံတက်နေသော မျက်လုံးဖြင့် နှင်းခက်အကြည့်ခံလိုက်ရသဖြင့် ချက်ချင်း မျက်လွှာချပစ်ရသည် ။ ထမင်းခူးပြီး လက် ဆေးဇလုံချပေးကာ အဆင်သင့်ဖြစ်သည့်တိုင် ဦးလေးအောင်ရီ ထမင်းဆီအာရုံမရောက်ဘဲ နှင်းခက် ကို စူးစူးရဲရဲကြည့်သည် ။

"ခက်ခက် ပိုလှလာတယ်"

ဦးလေးအောင်ရီအပြောနှင့် အကြည့်မျက်လုံးကြောင့် နှင်းခက်ရင်ဖိုတုန်သွားသည် ။ ခံပြင်း စိတ်ကို ထိန်းချုပ်သည့်ကြားက ယိုထွက်လာရာ ရုတ်တရက် သတိဝင်လာကာ ဖျတ်ကနဲ နောက် လှည့်၍ အိပ်ခန်းထဲဝင်သည် ။ ရယ်သံအုပ်အုပ် နောက်မှာ ကပ်ပါလာသည် ။

"မမခက် ရေချိုးမယ်၊ ထမင်းဆာပြီ"

"ဟင်း ... ညစ်ပတ်နေတာပဲ လာကြ ... လာကြ"

မျောက်ဘွဲ့ရထားသူ အတွတ်နှင့်အတူးတို့ ချေးဖုန်အလိမ်းလိမ်းနှင့် ပြန်ရောက်လာရာ ရေချိုး ခန်းထဲ ဆွဲခေါ်ရေချိုးပေးသည် ၊ ဘာပဲဖြစ်ဖြစ် အတွတ်နှင့်အတူးကိုတော့ နှင်းခက် ချစ်သည် ၊ အတွတ် နှင့်အတူးကလည်း နှင်းခက်အပေါ် သံယောဇဉ် ကြီးကြသည် ။

မျောက်နှစ်ကောင်အား ထမင်းကျွေးပြီး စာကျက်ခိုင်းရသည် ။ သူတို့ စာရမှ နှင်းခက်ထမင်း စားကာ နောက်နေ့အတွက် ပြင်ဆင်သည် ။ ထိုစဉ် ဒေါ်လေးတင့် ပြန်ရောက်လာကာ "မောလိုက် တာဟယ်"ဟု ညည်းပြောပြောကာ စားပွဲမှာ ဝင်ထိုင်သည် ။

နှင်းခက် ခပ်လာသောရေကို သောက်ကာ ...

"ကိုအောင်ရောက်ပြီလား"ဟု မေးသည် ။

"ရောက်ပြီ ... စားပြီးတာနဲ့ အိပ်နေပြီ"ဆိုတော့ ...

"အရက်ကလေးကော သောက်မလာဘူးလားကွယ်"ဟု ခပ်လေးလေး ဒေါ်လေးတင့် မေး သည် ။ နှင်းခက် ဘာမျှပြန်မပြောဘဲ ယခင်ကထက် ဂလာပြီး စိုပြည်တောက်ပြောင်လာသည့် ဒေါ် လေးတင့်ကို ဖျတ်ကနဲကြည့်ကာ ဖန်ခွက်ကို ယူသည် ။

"ထမင်းစားမယ်ကွယ်"

ပင်ပန်းလာသည် ဟု မပြောရဘဲနှင့် အကြီးအကျယ်ပင်ပန်းလာပုံမျိုး ဒေါ်လေးတင့်ဆီမှာ ပြန် လာတိုင်းတွေ့ရသည် မှာ နှင်းခက်အဖို့ ရိုးနေပေပြီ။ ဒါကြောင့် ရောက်သည် နှင့် ရေအေးတစ်ခွက်ကို ပေးနေကျအတိုင်း ပေးသည် ။ ထမင်းစားသည် မှာ လည်း တို့ ကနန်း ဆိတ်ကနန်း။

ည ဒေါ်လေးတင့်အခန်းမှ စကားသံသဲ့သဲ့ကြားရ၏။ ဦးလေးအောင်ရီကို ဒေါ်လေးတင့် ဆူပူ နေပုံရသည် ။ မှန်သည် ။ ခုတလော ဦးလေးအောင်ရီ တော်တော်သောက်လာသည် ။

ရင်ထဲ ဝမ်းနည်းမှုတို့ ဝင်လာကြပြီ။

ခုတင်မှာ လှဲချရင်း မိမိသိရှိခဲ့သော တစ်ဆင့်ပြောသိခဲ့ရသော အတိတ်ခါးခါးထံ ရောက်သွား သည် ။

ပုသိမ်။

ဖေဖေက ပွဲရုံပိုင်ရှင်။ မေမေက ပွဲရုံမှ အလုပ်သမလေး။ မေမေ့ကို ဖေဖေယူမည်ဆိုတော့ ဘိုးဘိုးက မကန့်ကွက်ခဲ့။ ဖအေတစ်ခု သားတစ်

ခုဘဝထဲသို့ နှင်းခက်မေမေ ရောက်လာ၍ စိုပြည် သောအိမ်ထောင်တစ်ခု ဖြစ်လာခဲ့သည် ။ ဖေဖေမှာ အသောက်အစားနှင့်ပင် နှစ်များ စွာ ဖြတ်သန်းလာ ခဲ့ရာ နှင်းခက်ကလေးဘဝမှာ ပင် ဖေဖေ အရက်နှင့် ဆုံးခဲ့သည် ။

သားအတွက် ယူကျုံးမရသော ဘိုးဘိုးမှာ ဖေဖေဆုံးပြီး တစ်နှစ်မပြည့်မီမှာ ပင် သားစိတ်နှင့် ကွယ်လွန်ခဲ့ရပြန်သည် ။

မေမေမှာ လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရာ အတော်ရုန်းကန်ခဲ့ရသည် ။ အငြိုးကြီးသော ကံ ကြမ္မာဆိုး ဝင်ရောက်လာသောအခါ ဘဝအသိုက်အမြုံသည် တစ်စစီ ကြေမွခဲ့လေသည် ။ ထိုအငြိုး ကား ပွဲရုံမီးလောင်လိုက်ခြင်းနှင့် နေစရာအိမ်ပါ မီးထဲပါသွားခြင်းပင် ဖြစ်၏။

ဆွေမဲ့မျိုးမဲ့ဘဝတွင် ရန်ကုန်မှ မေမေ့ညီမဝမ်းကွဲ ဒေါ်လေးတင့်ရောက်လာကာ ရန်ကုန်မှာ အတူနေရန်ဆွယ်သည် ။ နောက်ဆုံးဆွေရင်းချာအားကိုးဖြင့်မြေကွက်ကို ရသမျှနှင့်ရောင်းချကာ ဒေါ်လေးတင့်တို့ ဆီ မေမေနှင့်နှင်းခက် စိတ်အားငယ်စွာရောက်ရှိလာသည် ။

ပါလာသမျှငွေလေးနှင့် ရင်းနှီးစားသောက်နေစဉ်မှာ ပင် တစ်နှစ်အကြာတွင် မေမေ ရုတ် တရက်ဖျားကာ အသက်ပါ ပါသွားခဲ့၏။

ထိုနေ့က အထီးကျန်အားငယ်မှုများ ယခုပင် လတ်လတ်ဆတ်ဆတ် ခံစားရဆဲ ရှိသေး၏။ ဤ သို့နှင့် ဒေါ်လေးတင့်ကို အားကိုးအားထားပြုကာ မေမေထားခဲ့သော ရွှေတိုရွှေစလေးများ ဖြင့် နှင်း ခက် မျက်နှာမငယ်ခဲ့ရ။

ရွှေဈေးက တက်လာ၍ မေမေထားခဲ့သော ရွှေတိုရွှေစနှင့်စိန်နားကပ်တစ်ရံမှာ တန်ဖိုးများ စွာမြင့်တက်ခဲ့၏။ ထိုရွှေတို ရွှေစကိုထုခွဲကာ ဒေါ်လေးတင့်က နေ့ပြန်တိုးပေးသည် ။ ငါးရက်တစ် ခါတိုးဖြင့်လုပ်ရင်း အ

ဆင်ပြေလာခဲ့ရာ ယခင်က ပိန်လှီနေသော ဒေါ်လေးတင့်ဂဖြိုးလာခဲ့၏။ ဒေါ်လေးတင့် ယောက်ျား ဦးလေးအောင်ရီမှာ လည်း တစ်စတစ်စ အရက်လေး တမြမြဖြစ်လာကာ မူ မမှန်တော့ပေ။

ဒေါ်လေးတင့် အိမ်ရောက်စက နှင်းခက် ၉ တန်းကျောင်းသူ၊ ဘဂတွင် ဝမ်းကွဲဒေါ်လေးရှိ သေးသည် ဟူသော အားကိုးဖြင့် အောက်ခြေသိမ်း အိမ်မှုကိစ္စကို လုပ်ကိုင်ခဲ့သည် ။

ရောက်စက ဒေါ်လေးတင့်ကော ဦးလေးအောင်ရီပါ ရိုးရိုးအေးအေး များ ပင်၊ ကုန်ဈေးနှုန်းက တက်လာ ဒေါ်လေးတင့်က နှင်းခက်ပစ္စည်းများ ဖြင့် စီးပွားရှာအဆင်ပြေလာသောအခါ ဒေါ်လေးတင့် ကိုယ်တိုင် ဩဇာပြလာသည် ။ ရုံးစာရေးမျှသာဖြစ်သော ဦးလေးအောင်ရီကလည်း မူးခြင်း အတတ်ကို သင်ယူတတ်မြောက်လာခဲ့သည် ။

နေသည့်နေရာက စရိုက်ကြမ်းသော ဝန်းကျင် …

ပြောသံဆိုသံများမှာ ကြမ်းတမ်းပြီး နားမခံသာ၊ ဆူသံ၊ ဆဲသံ၊ မူးသံများ ၊ တစ်ရပ်ကွက်လုံး ကြားနိုင်အောင် ဖွင့်တတ်သော ကက်ဆက်သံများ ၊ ရန်ဖြစ်သံများ နှင့် အေးချမ်းမှုမရှိသော ရပ်ကွက် ပင်။

စာကောင်းကောင်း ကျက်မရသည့်ကြားထဲ ဦးလေးအောင်ရီ မူး၍ စကားတတွတ်တွတ်ပြော လာပုံများက ဤနေရာကို တစ်စတစ်စ စက်ဆုပ်လာသည် ။

ယခု ညနေအဖြစ် …

အရွယ်အရ ဖွံ့ထွားလာသော နှင်းခက်မွန်ကို ဦးလေးအောင်ရီ ရိသဲ့သဲ့စကားဖြင့် ဆို လာပြီ။

ဒေါ်လေးတင့်နှင့်စပ်မှ တော်ရသော ဦးလေးအောင်ရီကို နှင်းခက်မွန် ရှုံကြောက်လာသည် ။ ဒေါ်လေးက မနက်အစော အိမ်မှ ထွက် ညမှ ပြန် ရောက်၊ ကျန်သောအချိန်များမှာ နှင်းခက် ဦးလေး အောင်ရီနှင့် မျက်နှာ ချင်းဆိုင်နေရသည် ။ ကလေးနှစ်ယောက်ကလည်း လမ်းပေါ်မှာ သာ အ ချိန်ကုန် နေတတ်ပြီ။

ကြာရင် ... ဆိုသော အတွေးက နှင်းခက်ရင်ကို မောလျသွားစေသ ည် ။

ဘွဲ့ရဖို့ က နောက်တစ်နှစ်လိုသေးသည် ။ ဘွဲ့ရလျှင် အလုပ်တစ်ခုလု ပ်မည်။ ကိုကိုအလုပ်ရ လျှင်တော့ ကိုကိုနှင့် တစ်ခါတည်းလိုက်သွားရုံပဲ ရှိသည် ။ အကယ်၍ ကိုကိုအလုပ်မရသေးလျှင် ဘော်ဒါဆောင်နေရင်း အလုပ်လုပ်ကာ R.L တက်မည်၊ ဘာပဲဖြစ်ဖြစ် နယ်ကိုသွားမယ်၊ ကိုကိုအ လုပ် ခန့်စာဟာ စောကျမှာ ပါ၊ ကိုကိုရေ ... နှင်းခက်တော့ နေရတာ ငရဲ ရောက်နေရသလိုပဲ၊ ကိုကိုရယ် ... ကိုကို့မေမေကလည်း သဘောတူ၊ ကို ကိုအလုပ်အမြန်ရပါစေလို့ နှင်းခက် ဆုတောင်းရုံကလွဲလို့ ဘာမှ မတတ် နိုင်တော့ပါဘူးကွယ်ဟူ၍ စိတ်ထဲ ရေရွတ်နေမိ၏။

"ဒါပေမဲ့ ကိုကိုရယ် ... နှင်းခက် အားငယ်ရပါတယ်ကွယ်၊ ကိုကိုတို့ လို ရွှေတောင်ကြားထဲ က ခြံကျယ်၊ ခေတ်ပေါ်တိုက် အဆင့်မြင့်မြင့်နဲ့ နှ င်းခက်တို့ ဘဝဟာ သိပ်ကွာဟပါတယ်၊ ကိုကိုက မေမေ သဘောတူမှာ ပါတဲ့ ... အဲဒီစကားနဲ့ နှင်းခက် အားတင်းနေရတာပါ၊ အားငယ်ရတဲ့ အခြေအနေမှာ အားမငယ်ပါနဲ့ လို့ ကိုကို အားပေးရင်လည်း တိတ်တခိုး တိတ်တဆိတ်တော့ နှင်းခက် အားငယ် ရမှာ ပဲ ကိုကို ..."

ဟု အတွေးများ နှင့် တဝဲလည်လည်ဖြစ်ကာ ကိုကိုနှင့် ချစ်သူဖြစ်ခဲ့ရ ပုံကို အံ့ဩနေမိပြန်သည် ။

ဆေးကျောင်းသားကိုကိုနှင့် ဒဂုံတက္ကသိုလ်က ကောင်မလေး၊ သီတာကြောင့်ဟု ဆိုလျှင် မှန်မည်၊ သီတာနှင့်နှင်းခက်က ပထမနှစ်မှာ ပင် သူငယ်ချင်းဖြစ်ကာ သွားတူ လာတူ ဘယ်သွားသွား တတွဲတွဲ၊ နှင်းခက် သီတာ နန်းအေးသွယ်တို့ သုံးယောက်မှာ အမြဲတမ်း တစ်စုတစ်ဝေး တွေ့ရမြဲ။

သီတာ့ကိုကိုက ဆေးကျောင်းသား သီတာကို ကျောင်းဝင်ပို့ ကြိုရင်း နှင်းခက်ကို ကိုကို ချစ်စကားစလာသည် ။ သီတာကလည်း တွန်းအားပေးနေ၏။

ကိုကို့ကိုမြင်စကတည်းက နှင်းခက်မွန် လှုပ်ရှားမိတာ အမှန်ပင်၊ ကိုကိုမေတ္တာစကားဆို လာသောအခါ မယုံရဲရဲနှင့် ငြင်းပယ်ခဲ့သေးသည် ၊ ဖွဲ့ကောင်းသော ကိုကိုမှာ သနားစရာကောင်းအောင် တွယ်ကယ်ချဉ်းကပ်လာတော့ နှင်းခက် အပျော်တစ်ဝက် စိုးရိမ်တစ်ဝက်ဖြင့် ကိုကို့မေတ္တာကို လက်ခံ ခဲ့သည် ။

တကယ်တော့ အခြေအနေကွာဟလှသော အနေအထားအတွက် နှင်းခက်မွန် အားငယ်ခဲ့ရ ပါသည် ။ ကိုကို့မေတ္တာ ကိုကိုတို့ မိသားစုသဘောသဘာဂကို တစ်စတစ်စ သိလာရတော့ စိုးရိမ်စိတ် တို့ လျော့ပါးသွားသည် ဟု ဆိုနိုင်သော်လည်း မိမိဘဂကို အားငယ်မိသည်မှာ အမှန်ပင် ဖြစ်သည် ။

အဝေးဆီမှ လွမ်းမောဖွယ်ဂစ်တာသံသဲ့သဲ့ လေထဲဝေ့လာ၏။ မတွေးနဲ့ ဆိုပေမယ့် မတွေးပဲ မနေနိုင်ပါလား ကိုကိုရယ် …

***